vtdigger

# Vermont 2024 အထွေထွေရွေးကောက်ပွဲတွင် ဘယ်လိုမဲပေးကြမလဲ

Vermont အထွေထွေရွေးကောက်ပွဲကို အင်္ဂါနေ့၊ နိုဝင်ဘာလ 5 ရက်နေ့တွင် ပြုလုပ်ပါမည်။

## မဲပေးရန် နည်းလမ်းနှစ်ခုရှိပါသည်-

1. အောက်တိုဘာ 1 ရက်နေ့မှ နိုဝင်ဘာ 4 ရက်နေ့အထိ မေးလ် သို့မဟုတ် လူကိုယ်တိုင်ဖြင့် ကြိုတင်မဲပေးခြင်း။
2. နိုဝင်ဘာလ 5 ရက်နေ့၌ သင့်မဲရုံတွင် လူကိုယ်တိုင် မဲပေးခြင်း။

နိုဝင်ဘာလ 5 ရက်၊ 2024 တွင် ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် Vermont တွင်နေထိုင်ကြသော အသက် 18 ပြည့်မည့် သို့မဟုတ် ယင်းထက်အသက်ကြီးသော အမေရိကန်ရိုက်ကန်နိုင်ငံသားအားလုံးတို့သည် ဤရွေးကောက်ပွဲ၌ မဲပေးဖို့ရန်အတွက် နာမည်စာရင်းပေးသွင်းရန် အကျုံးဝင်ပါသည်။

## မဲဆန္ဒရှင် နာမည်စာရင်းပေးသွင်းခြင်း

မဲပေးသည့်နေ့တွင် နာမည်စာရင်းပေးသွင်းနိုင်သေးသော်လည်း ဤအထွေထွေရွေးကောက်ပွဲ၌ မဲပေးဖို့အတွက် Vermont တွင် မဲပေးရန် သင်နာမည်စာရင်းပေးသွင်းရပါမည်။

သင့်နာမည်စာရင်းမသွင်းရသေးပါက၊ စာရင်းပေးသွင်းရန် နည်းလမ်းအမျိုးမျိုး ရှိပါသည်-

- ရွေးကောက်ကျင်းပမည့်ရက်မတိုင်ခင် သင့်မြို့ကောင်စီရုံး (clerk's office) တွင် လူကိုယ်တိုင် နာမည်စာပေးသွင်းခြင်း။

(802) 595-9840 | voterguide@vtdigger.org | vtdigger.org | P.O. Box 1374 | Montpelier, VT 05601

- သင့်မဲရုံတွင် လူကိုယ်တိုင် မဲပေးခြင်း။ ရွေးကောက်ပွဲကျင်းပမည့်နေ့ (နိုဝင်ဘာ 5 ရက်) ၌ သင့်မဲရုံတွင် နာမည်စာရင်းပေးသွင်းနိုင်ပါသည်။
- နာမည်စာရင်းပေးသွင်းလွှာတစ်ခုအသုံးပြု၍ အွန်လိုင်း သို့မဟုတ် မေးလ် အားဖြင့် သင်စာရင်းပေးသွင်းနိုင်ပါသည်။ နည်းလမ်းနှစ်ခုစလုံးကို ပြည်နယ်အတွင်းဝန်ရုံး ဝက်ဘ်ဆိုက် (bit.ly/4cKKLU8) တွင် ရရှိနိုင်ပါသည်။ သို့သော်၊ ဤနည်းလမ်းများကိုအသုံးပြုပါက၊ သင့်နာမည်စာရင်းပေးသွင်းမှုအတွက် ရက်အနည်းငယ်ပေးရန် သေချာပေါက်လုပ်ဆောင်ပါ။

ပြည်နယ်အတွင်းဝန်ရုံး (bit.ly/4cKKLU8) သတ်မှတ်ချက်အရ၊ ပထမအကြိမ်နာမည်စာရင်းပေးသွင်းသူများသည် တရားဝင် ID ဓာတ်ပုံမိတ္တူတစ်ခုကို တင်ပြရန်လိုအပ်ပါသည်။ လက်သင့်ခံနိုင်သော စာရွက်စာတမ်းများတွင် အောက်ပါတို့ပါဝင်ပါသည်-

- တရားဝင် ဓာတ်ပုံ ID (ယာဉ်မောင်းလိုင်စင် သို့မဟုတ် နိုင်ငံကူးလက်မှတ်)
- လက်ရှိ ရေမီးလျှပ်စစ်အသုံးပြုမှု ငွေတောင်းခံလွှာ
- လက်ရှိ ဘဏ်ငွေစာရင်းရှင်းတမ်း
- အခြားသော အစိုးရစာရွက်စာတမ်း

ပထမဆုံးအကြိမ် Vermont မဲဆန္ဒရှင်များသည် မိမိကိုယ်မိမိရွှတ်ဆိုပြနိုင်သော မဲဆန္ဒရှင်ကျမ်းသစ္စာ ထွက်ဆိုချက်အတိုတစ်ခုကို ကျမ်းသစ္စာဆိုရပါမည်။

## ကြိုတင်မဲပေးခြင်း

အောက်တိုဘာ 1 ရက်နေ့မှ နိုဝင်ဘာ 4 ရက်နေ့အထိ ကြိုတင်မဲပေးနိုင်ပါသည်။ သင့်ဆန္ဒမဲပေးလွှာကို တောင်းခံရန် နှင့် တင်သွင်းရန် နည်းလမ်းအမျိုးမျိုးရှိပါသည်။

- သင့်ဆန္ဒမဲပေးလွှာကို အောက်ပါအတိုင်း တောင်းခံပါ-
  - သင့်မြို့ကောင်စီရုံးတွင် လူကိုယ်တိုင် သွားရောက်တောင်းခံပါ၊ သို့မဟုတ်

- ပြည်နယ်အတွင်းဝန်ရုံး ဝက်ဘ်ဆိုက် (bit.ly/3yPmu1j) မှတစ်ဆင့် နာမည်စာရင်းပေးသွင်းလွှာတစ်ခုအသုံးပြု၍ အွန်လိုင်း သို့မဟုတ် မေးလ်ဖြင့် တောင်းခံပါ။
- ထို့နောက် သင့်ဆန္ဒမဲလွှာကို အောက်ပါအတိုင်း တင်သွင်းပါ-
    - မေးလ်ဖြင့်ပို့ပါ သို့မဟုတ်
    - သင့်မြို့ကောင်စီရုံးတွင် လူကိုယ်တိုင် သွားတင်ပါ။

နိုဝင်ဘာ 4 ရက်နေ့ စာရင်းပိတ်ချိန်မတိုင်ခင် သင့်မြို့ကောင်စီရုံးတွင် ဆန္ဒမဲလွှာတိုင်းကို ရရှိထားရပါမည်။ သင့်ဆန္ဒမဲလွှာကို စာတိုက်ဖြင့်ပို့ပါက၊ ပို့ဆောင်မှုအတွက် အချိန်တစ်ပတ်ပေးရန် အောက်တိုဘာ 28 ရက်မတိုင်မီ ပေးပို့ပါ။

## ဆန္ဒမဲပေးသည့်နေ့

နိုဝင်ဘာ 5 ရက်နေ့တွင် လူကိုယ်တိုင်မဲပေးရန်- ပြည်နယ်အတွင်းဝန်ရုံး ဝက်ဘ်ဆိုက် (bit.ly/4g4prvC) တွင် သင့်မဲရုံကို ရှာဖွေပါ။ မဲရုံများကို နံနက် 5 နာရီ မှ 10 နာရီ အထိ ဖွင့်ပြီး ညနေ 7 နာရီတွင်ပိတ်သည်။